# အကူလည်း ပေးပါလေး အပူလည်း အေးပါစေ

**အရှင် ဥာဏိက**

ကားမောင်းဖို့ အခွင့်မသာသေးတဲ့စာရေးသူအတွက် သွားလိုရာနေရာတော်တော်များများဆီကို ကားမောင်းပို့ပေးတဲ့ ဒကာတစ်ယောက်ရှိပါတယ်၊သူ့မှာအထူးကိစ္စ မရှိဘူးဆိုလျှင်ဖြင့် ဘယ်အချိန်မှာပဲခေါ်ခေါ် အရောက်လာလေ့ရှိပါတယ်၊ အဲ တခါတရံ လာပ့ါမယ်ရယ်လို့ အာမဘန္တေခံပြီးပါမှ မေ့ပြီး ရောက်မလာတတ်တဲ့ အခါမျိုးကလွဲရင်ပေ့ါ၊ အဲဒီလိုမေ့လျော့သွားတဲ့အခါမျိုးဆိုလျှင်လည်း သူမေ့လျော့သွားတဲ့အကြောင်း၊ အပြစ်ပေးသမျှကို ခံယူပ့ါမယ်ဆိုတဲ့အကြောင်းကိုလည်း ကိုယ်ကပြန်လည်အားနာရလောက်တဲ့အနေအထားထိအောင် တောင်းပန်တတ်လေ့လည်းရှိပါတယ်၊ စာရေးသူကလည်း အဲဒီလိုရှင်းရှင်းဝန်ခံတာမျိုး သဘောကျတဲ့အတွက် နှစ်ကြိမ်သုံးကြိမ်မက သူမေ့နေခဲ့တာတောင်မှပဲ ဒီတစ်ခါတော့ မမေ့တန်ကောင်းလောက်ပါဘူးရယ်လို့ စိတ်ချယုံကြည်ချက်အပြည့်နဲ့ သွားစရာရှိတိုင်း သူ့ကိုခေါ်မြဲခေါ်ဆဲပါပဲ။



စာရေးသူတစ်ဦးတည်းသာ သူ့ကိုခေါ်တာ၊ အကူအညီတောင်းတာတော့ မဟုတ်ပါဘူး၊ အချို့အမေရိကကို ရောက်စ သူများ၊ ကားမမောင်းနိုင်တဲ့သူများက အကူအညီတောင်းခံတိုင်းလည်း ကူညီတတ်သူတစ်ဦးပါ၊ တခါတရံ သူ့ရဲ့ မအားလပ်တဲ့အချိန်များထဲကနေဖဲ့ပြီး အကူအညီတောင်းခံသူတိုင်းကို ကူညီတတ်တာကြောင့် အချိန်နဲ့လူနဲ့ မမျှနိုင်ပဲ အချိန်က လူအပေါ် ပိနေတတ်ပါတယ်၊ အဲဒီလိုအခါမျိုးမှာ သူ့ရဲ့ညည်းညူသံကို ကြားရလေ့ရှိပါတယ်၊ ဒီအခါမှာ စာရေးသူက ကိုယ်အကူအညီပေးနိုင်သလောက်ကိုသာ ကူညီဖို့၊ မနိုင်တဲ့ဝန်ကိုထမ်းမိရင် ပင်ပန်းနွမ်းနယ်မှုဖြစ်ရကြောင်းကို ပြောဖြစ်ပါတယ်၊ နောက်ပြီးကိုယ်က ကူညီရာမှာလည်း ကိုယ်ကူညီလိုက်သူဆီက ကိုယ့်ကိုအသိအမှတ်ပြုမှုစတဲ့ ဘယ်လို တစ်စုံတစ်ခုကိုမှလည်း မမျှော်လင့်ဖို့ အမြဲပြောခဲ့ပါတယ်၊ ဒီလိုမှ မဟုတ်လျှင်ဖြင့် ကိုယ့်မှာ အကူအညီလိုလို့ ကိုယ်ကူညီဖူးသူကို ကိုယ်ကအကူအညီ ပြန်လည်တောင်းခံတဲ့အခါမျိုးမှာ အကြောင်းမသင့်လို့ တစ်ဖက်လူ မကူညီနိုင်ခဲ့လျှင် ကျေးဇူးမသိတတ်သူတွေ၊ သူ့အလှည့် ကိုယ့်အလှည့် မကြည့်တတ်သူတွေစသဖြင့် ထင်မြင်ယူဆတတ်သမို့ ကိုယ်ကူညီခဲ့ရတာလေး သဲထဲရေသွန်သဘောမျိုး ဖြစ်သွားတတ်ကြောင်းကိုလည်း ပြောပြခဲ့ပါတယ်။ စာရေးသူက ဘယ်လိုပင် ပြောပြော၊ အကူအညီတောင်းခံသူရှိပါက မနိုင်နိုင်၊ နိုင်နိုင်သူကတော့ ကူညီဆဲ၊ နောက်ပြီး ညည်းလည်းညည်းညူ မြဲပါပဲ။

ခုလို သူတစ်ပါးကို အကူအညီပေးတတ်ပြီး စိတ်ပင်ပန်းနွမ်းနယ်တတ်သူတွေအတွက် မှတ်သားမိတဲ့စကားလေးကို ပြောပြချင်ပါတယ်၊ ကိုယ့်အတွက် သင့်လျော်မယ်ဆိုက ယူပြီး မသင့်လျော်ဘူးထင်ပါက ပယ်ပါဆိုတာကိုတော့လည်း အထူးပဲပြောထားချင်ပါတယ်။

သူတစ်ပါးကိုအကူအညီပေးခြင်းဆိုတာ ကောင်းတဲ့လုပ်ရပ်ပဲဖြစ်တယ်၊ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် ဖေးမကူညီခြင်း၊ ထောက်ထားညှာတာခြင်းစတဲ့အရာတွေဟာ လူ့အသိုင်းအဝိုင်း ငြိမ်းချမ်းသာယာဖို့နဲ့ တိုးတက်ထွန်းကားဖို့အတွက် အထောက်အပံ့ကောင်းတွေလည်းဖြစ်တယ်၊ လူသားအချင်းချင်းအကြား စစ်မှန်တဲ့ ကာယကံ၊ဝစီကံနဲ့ မနောကံမေတ္တာတရားတွေ ထွန်းကားအောင် အားပေးကြဖို့လိုပါတယ်၊ သို့ပေမယ့် ရုတ်တရက်အရေးပေါ် ကူညီရတဲ့ အကူအညီမျိုး မဟုတ်ခဲ့ဘူးဆိုလျှင်ဖြင့် မကူညီမီမှာ ကိုယ့်ရဲ့အကူအညီဟာ ကိုယ့်အကျိုးစီးပွားကို ဆုတ်ယုတ်စေပါသလား၊ ထိခိုက်ပျက်ပြားစေပါသလားလို့ စဉ်းစားဖို့လိုပါလိမ့်မယ်၊ အကူအညီတိုင်းမှာ ကိုယ့်ရဲ့ ကိုယ်အား ဉာဏ်အား ငွေကြေးအားနဲ့ အချိန်ကာလကို အတိုင်းအတာတစ်ခုအထိ ကိုယ့်ပိုင်ဆိုင်မှုကနေ ဖဲ့ထုတ်ပေးရတာဖြစ်လို့ ပေးဆပ်မှု

တစ်ခုခုတော့ ရှိရပေလိမ့်မယ်၊ အဲဒီလိုပေးဆပ်ခြင်းကြောင့်ရရှိလာမယ့် အကျိုးဆက်ကို ကောင်းကောင်းဆိုးဆိုး လက်သင့်ခံနိုင်တဲ့စွမ်းအား ကိုယ့်မှာ အမှန်တကယ်ရှိနေပါမှ အကူအညီပေးခြင်းဟာ ကောင်းပါလိမ့်မယ်၊ ဒီလိုမှမဟုတ်ပဲ ကိုယ့်ကူညီမှုဟာ နောင်မှာ ကိုယ့်အတွက် အပြန်ရလဒ်ကောင်းသာ ဖြစ်စေရမယ်လို့ မျှော်လင့်ခဲ့မယ်ဆိုလျှင်တော့ ကူညီမှုအတွက် နောင်တတဖန် ပူပန်ရမှု ဖြစ်ဖို့ကများပါလိမ့်မယ်၊ ဒီလိုမျှော်လင့်မှုမျိုးရှိလျှင်တော့ အစကတည်းက မကူညီတာပဲ ကောင်းပါလိမ့်မယ်၊ အကူဆိုတာက အပူမဖြစ်ပါမှ တော်ပါလိမ့်မယ်။

သူတစ်ပါး၏ များစွာသော အကျိုးစီးပွားအတွက်ကြောင့် မိမိအကျိုးစီးပွားကို မဆုတ်ယုတ်စေရာ၊ မိမိ၏ အကျိုးစီးပွားကို ကောင်းစွာသိ၍၊ မိမိ၏ အကျိုးစီးပွားတိုးပွားအောင် လေ့ကျင့် အားထုတ်ရာ၏။ ။ (ဓမ္မပဒ–၁၆၆)

**Let one not neglect one's own welfare for the sake of other, however great. Clearly understanding one's own welfare, let one be intent upon the good.**

အမှတ်တမဲ့ဆိုလျှင့်ဖြင့် အထက်က ဓမ္မပဒလာ ဗုဒ္ဓအဆုံးအမစကားဟာ လောကကောင်းကျိုးကိုထမ်းရွက်ဖို့ ဘုရားအဖြစ်ကိုရအောင် အားထုတ်ခဲ့တဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမတစ်ခုမှ ဟုတ်ပါလေစလို့ ထင်ကောင်းထင်နိုင်စရာပါ၊ သို့ပေမယ့် ဒီအဆုံးအမစကား ဖြစ်ပေါ်ရခြင်းရဲ့အကြောင်းက လောကရေးရာ သက်သက်ကြောင့်သာမဟုတ်ပဲ ဓမ္မရေးနဲ့လည်း ဆက်စပ်နေတာကြောင့် သူတစ်ပါးအကျိုးအတွက် မိမိအကျိုးကို မထိခိုက်ပါစေနဲ့ ဆိုတဲ့ဒီစကားကို နေရာတိုင်းအတွက် **(Apply** လုပ်လို့**)** ဆွဲယူ အသုံးချလို့တော့လည်း အပြည့်အဝ ဆီလျော်ပေမယ် မဟုတ်ပါဘူး။

ဒီစကားကို မိန့်တော်မူရခြင်းအကြောင်းက ဒီလိုပါ၊ "နောင်လေးလခန့်ကြာရင် ငါဘုရားရှင် ပရိနိဗ္ဗာန်ဝံဝင်တော်မူတော့မယ်"ရယ်လို့ မိန့်တော်မူပြီးကတည်းကစလို့ ပုထုဇဉ်ရဟန်း ၇၀၀ တို့မှာ ဘုရားရှင်အပါးက မခွါနိုင်ပဲ ငါတို့ဘာလုပ်ရလျှင် ကောင်းပါလိမ့်မလဲရယ်လို့ ဆွေးနွေးတိုင်ပင်ကြပါတယ်၊  ဒီအထဲမှာ အတ္တဒတ္ထမထေရ်တော့ မပါဝင်ပါဘူး၊ အတ္တဒတ္ထမထေရ်ကတော့ "အော် ဘုရားရှင် နောက်လေးလအကြာမှာ ပရိနိဗ္ဗာန်စံဝင်တော်မူတော့မယ်၊ ဒီတော့ ဘုရားရှင်သက်တော်ထင်ရှားရှိခိုက်မှာ ကိလေသာကင်းကွာ ရဟန္တာဖြစ်အောင်အားထုတ်ပါမှ တော်လိမ့်မယ်" ဆိုပြီး ဆိတ်ငြိမ်ရာအရပ်ကိုချဉ်းကပ်လို့ နေ့ညမနား တရားဘာဝနာကို ပွါးများတော်မူပါတယ်၊ ဒါကို ကျန်တဲ့ရဟန်းတော်များက မနှစ်သက်နိုင်တာကြောင့် မြတ်စွာဘုရားကို လျှောက်ထားကြပါတယ်၊ ဒီအခါ မြတ်စွာဘုရားက အကျိုးအကြောင်းကို မေးမြန်းတော်မူပါတယ်၊ဒီတော့ အတ္တဒတ္ထမထေရ်က သူ့ရည်ရွယ်ရင်းကိုလျှောက်ထားပါတယ်၊ မြတ်စွာဘုရားရှင်ကလည်း "ရဟန်းတို့ ပန်းနံ့သာစတဲ့အရာတွေနဲ့ ငါဘုရားကိုပူဇော်ပေမယ့်လည်း စင်စစ်မိမိအကျိုးကို ပြီးစေသောအားဖြင့် ငါဘုရားကို ပူဇော်တယ်ရယ်လို့ မခေါ်ဆိုနိုင်ဘူး၊ လောကုတ္တရာတရားကိုးပါးအားလျော်သော အကျင့်ကို မပြတ်ကျင့်ကြံအားထုတ်သောသူသည်သာ မိမိအကျိုးကိစ္စကို ပြီးစေသောအားဖြင့် ငါဘုရားကို စင်စစ်ပူဇော်ရာရောက်တယ်၊ ငါဘုရားကိုချစ်ခင်တဲ့ပုဂ္ဂိုလ်တွေဟာ ချစ်သားအတ္တဒတ္ထလိုပဲ ကျင့်ကြံရမယ်"လို့ မိန့်တော်မူကာ အတ္တဒတ္ထမထေရ်ကိုလည်း ချီးမွမ်းစကားဆိုတော်မူပါတယ်။

စာရေးသူက ဒီအဆုံးအမစကားလေးကိုဖတ်မိတော့ ဘုရားရှင်ကိုယ်တော်မြတ်ကို အရမ်းကိုမှ ကြည်ညိုစိတ်တွေပိုမိပါတယ်၊ လောကထဲမှာ တချို့တချို့ပုဂ္ဂိုလ်တွေဟာ အရေးပါတဲ့နေရာမျိုးမှာရှိတယ်လို့ သတ်မှတ်တာကိုခံရလျှင်ဖြင့် အများတကာရဲ့ အသိအမှတ်ပြုတာ၊ အထူးဂရုပြု လေးစားတာကို လိုလားတော်မူတတ်ကြပါတယ်၊ အခြားသူတွေမှာ ဘာတာဝန်တွေကို ယူနေတယ်၊ ဘာအတွက် လုပ်နေတယ်ဆိုတာကိုတောင်မှ မစူးစမ်း မဆင်ခြင်နိုင်ပဲ ကိုယ်ရေးကိုယ်တာ ကိုယ့်အပေါ်ကိုသာ တလေးတစား အလေးထားကာ ကြောင့်ကြစိုက်စေလိုတတ်ကြပါတယ်၊ ဘာဟာ အရေးကြီးတယ်ဆိုတာထက် ငါသာ အရေးကြီးတယ်ဆိုတဲ့ အမြင်မျိုးရှိတဲ့ပုဂ္ဂိုလ်ကြီးများကို တွေ့တဲ့အခါတိုင်း မြတ်ဗုဒ္ဓရဲ့ တုနှိုင်းလို့ မရနိုင်တဲ့ ကိုယ်ကျိုးမငဲ့မှုကိုလည်း သတိရမိတတ်ပါတယ်၊ အတ္တဒတ္ထမထေရ်ရဲ့ တရားကိုခင်တာကြောင့် အများကိုကြဉ်တဲ့ အမြင်မျိုးကိုလည်း အားကျမိရပါတယ်၊ ပုဂ္ဂိုလ်ရေးချီးပကိုးကွယ်ရေးထက် ဓမ္မမျက်နှာအတွက်ကို

သာ ရှုငဲ့လေတဲ့ အရှင်ရဲ့စိတ်ထားကလည်း လေးစားနည်းယူဖွယ်ပါပဲ၊ အတုမရှိတဲ့ မြတ်ဘုရားနဲ့ အစုမကြည့်တဲ့ တပည့်တစ်ပါးရဲ့ မှတ်သားဖွယ်ရာဖြစ်ရပ်တစ်ခုကဖြင့် ရင်ကိုစွဲငြိစေခဲ့တာ အမှန်ပါပဲ။

အလွန်အကျူးအထူးဖွင့်ဆိုတယ်ရယ်လို့ပဲ ပြောရမလားတော့ မသိပါဘူး၊ ဒီနေရာမှာ အဋ္ဌကထာဆရာတော်ကတော့ လူသာမန်ပုဂ္ဂိုလ်တို့အဖို့မှာ တစ်ထောင်လောက်ထိုက်တန်တဲ့ သူများအကျိုးစီးပွားအတွက် တစ်ပြားလောက်ပဲတန်တဲ့ ကိုယ့်အကျိုးစီးပွားကို အဆုံးရှုံးမခံပါနဲ့၊ သူတစ်ပါးရဲ့တစ်ထောင်က ကိုယ့်အတွက်ဘာမှ အသုံးမဝင်ဘူး၊ ကိုယ့်တစ်ပြားကသာလျှင် ကိုယ်နေထိုင်စားသောက်ဖို့ဖြစ်တယ်ရယ် လို့ဖွင့်ပြပါတယ်၊ ဓမ္မပဒ အဋ္ဌကထာကို မြန်မာပြန်ဆိုသူများကလည်း (ကိုယ့်ရှိမှ ကိုယ်စားရသည်) လို့ လက်သည်းကွင်းခတ်ကာ အထူးမှတ်ချက်ထည့်ထားခဲ့ကြပါတယ်။

ဘာပဲဖြစ်ဖြစ်ပါ၊ အများတကာအတွက် အကူအညီပေးခြင်းဆိုတာ ကောင်းမြတ်တဲ့မင်္ဂလာတစ်ပါးပါ၊ ဒါကြောင့် ကူညီသင့်တဲ့သူတိုင်းကို ကူညီပါ၊ သို့သော် ပြန်ရလိုနိုး မျှော်ကိုးစိတ်နဲ့တော့ ကိုယ့်အကျိုးစီးပွားအပျက်ခံကာ ဘယ်သောအခါမှာမှ မကူညီမိစေဖို့ကိုတော့ဖြင့် စာလာပေလာစကားကို ကိုးကားကာပဲ ရိုးသားစွာ မေတ္တာရှေ့ရှုထား ပြောလိုက်ချင်ပါတယ်။ ။

ကမ္ဘာတဝှမ်း၊ မေတ္တာလွှမ်း၊ သာယာငြိမ်းချမ်းကြပါစေ

**မေတ္တာဖြင့်**
**အရှင်ဉာဏိက**
ဇွန်လ ၈ ရက် ၂၀၀၅